IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၄ – ဖေဖော်ဝါရီလ ၂၀၁၂

ထိုင်းနိုင်ငံ၌ ၂၀၁၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုသည် ရွှေ့ပြောင်းအလုပ်သမားများစွာအား ၎င်းတို့၏ မူလနိုင်ငံများအသီးသီးသို့ ပြန်လည်ထွက်ခွာသွားစေခဲ့ပါသည်။ ၎င်းမှအလုပ်သမားအများစုအနေဖြင့် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နိုင်ရန် ပြန်လည်ရောက်ရှိနေပြီဟု ယူဆရပါသည်။ ရေလွှမ်းမိုးမှုကာလ အတွင်း ထိုင်းနိုင်ငံအတွင်း ဝင်ထွက်သွားလာမှုများကို ပိုမိုတိကျစွာ စီစဉ်ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ထိုင်းနိုင်ငံအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများအတွက် မှတ်ပုံတင်နိုင်ခွင့်ပိတ်သိမ်းခြင်းတို့သည် ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား သဘောတူနားလည်မှုစာချုပ် **(MOU)** *အရ အလုပ်သမားများလွယ်ကူစွာ ဝင်ရောက်လာနိုင်စေရေးကို ပိုမို၍ ဦးစားပေးဆောင်ရွက်လာစေခဲ့ ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် ထိုင်းနှင့် မြန်မာအာဏာပိုင်များ ပူးပေါင်းဆောင်ရွက်ခြင်း တိုးတက်မှု ရလဒ်များက ၂၀၁၁ ခုနှစ်အတွင်း မှတ်ပုံတင်ခဲ့သော ရွှေ့ပြောင်းအလုပ်သမား ၈၅၀,၀၀၀ ကျော်အား နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ် (National Verification နိုင်/စစ်) အား ပြီးစီးအောင် အကောင် အထည်ဖော်နိုင်မှုကို အထောက်အကူ ပေးနိုင်ခဲ့ပါသည်။*

ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် ထိုင်းနိုင်ငံအတွင်း နိုင်/စစ်လုပ်ငန်းစဉ်တွင် အကျုံးဝင်သော နောက်ဆုံးတိုးတက်မှုများ အပါအဝင် ၂၀၁၁ ခုနှစ်အတွင်း မှတ်ပုံတင်ပြီးစီးသည့် ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် ကိုယ်ရေးအချက်အလက်များရယူခြင်းအဆင့်နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိရန် ဆက်လက်ဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ်ပြုစုထားပါသည်။

အသစ်လဲလှယ်ထားသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ သက်တမ်းတိုးမြှင့်ခြင်း

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာနသည် အသစ်လဲလှယ်ထားသောရွှေ့ပြောင်း အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ အထိ တိုးမြှင့်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါသည်။ ဝန်ကြီးဌာန၏ တင်ပြချက်ကို အစိုးရအဖွဲ့မှ လက်ခံ စဉ်းစားနေပြီ ဖြစ်ပါသည်။ အသစ်လဲလှယ်ထားသော ရွှေ့ပြောင်းအလုပ်သမားများဆိုသည်မှာ ၂၀၁၀ ခုနှစ် အတွင်း မှတ်ပုံတင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကို သက်တမ်းတိုးထားခဲ့ပြီး ဖြစ်သော်လည်း (၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၀ (သို့) ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် သက်တမ်းကုန်ဆုံးပါမည်) နိုင်/စစ် လုပ်ငန်းစဉ်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးသူများကို ဆိုလိုခြင်း ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းကို အစိုးရအဖွဲ့မှ ဖေဖော်ဝါရီလမကုန်မီ ခွင့်ပြုပေး လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ထိုအခြေအနေအရ အသစ်လဲလှယ်ထားသောအဖွဲ့နှင့် အသစ်မှတ်ပုံတင် ထားသော အလုပ်သမားများအဖွဲ့ နှစ်ခုစလုံး၏ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်း ကုန်ဆုံးမည့်ရက် သည် အတူတူပင်ဖြစ်ပါလိမ့်မည်။ အဖွဲ့နှစ်ခုစလုံးအတွက် နိုင်/စစ် လုပ်ငန်းစဉ်များ ပြီးဆုံးဆောက်ရွက်ရန် နောက်ဆုံးသတ်မှတ်ရက်သည် ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ဖြစ်နိုင်မည်ဟု မျှော်မှန်းရပါသည်။ နိုင်/စစ် လျှောက်လွှာတင်သွင်းထားပြီး အကြောင်းပြန်ကြားချက်တစ်စုံတစ်ရာ မရရှိသေးသူများသည် အလုပ်သမား ဝန်ကြီးဌာန (သို့) ခရိုင်အလုပ်သမားရေးရာရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။

၄င်းအချက်အလက်များကို အောက်တွင်ဇယားဖြင့် ဖော်ပြပေးထားပါသည်။

အသစ်မှတ်ပုံတင်ခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များ ရယူခြင်း[၁]

- အလုပ်သမားဝန်ကြီးဌာနသည် ၂၀၁၁ ခုနှစ်အတွင်း အသစ်မှတ်ပုံတင်ထားခဲ့သော ရွှေ့ပြောင်း အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များကို စုဆောင်းရယူလျှက် ရှိပါသည်။ ကိုယ်ရေး အချက်အလက်များ စုဆောင်းခြင်းသည် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိရေးအတွက် အစိတ်အပိုင်း တစ်ခုဖြစ်ပြီး (ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်အမှတ် ၁၁ တွင် အသေးစိတ်ဖော်ပြထားသည်) ကိုယ်ရေးအချက်အလက်စုဆောင်းသည့် အချိန်ကာလကိုလည်း ယခင်နှစ်က တိုးမြှင့်ပေးခဲ့ပါသည်။ ကိုယ်ရေးအချက်အလက်များသည် ရွှေ့ပြောင်းအလုပ်သမား များ၏ ပုံမှန်မဟုတ်သော အလုပ်အကိုင်ခန့်ထားမှုများကို တားဆီးရာတွင် အသုံးပြုနိုင်ပါလိမ့်မည်။

- ခရိုင်အလုပ်သမားရေးရာရုံးများသည် လုပ်ငန်းရှင်များအား ကိုယ်ရေးအချက်အလက်များ ရယူနိုင်ရန် အတွက် ၄င်းတို့၏ရွှေ့ပြောင်းအလုပ်သမားများအား သတ်မှတ်ထားသော နေ့ရက်များတွင် ခေါ်ဆောင် လာရန် ဆင့်ခေါ်စာများ ထုတ်ပေးမည် ဖြစ်ပါသည်။ ကိုယ်ရေးအချက်အလက်ရယူသည့် အချိန် အပိုင်းအခြားနှင့် ပတ်သက်သည့်သိလိုသမျှကို ခရိုင်အလုပ်သမားရေးရာရုံးများသို့ တိုက်ရိုက် ဆက်သွယ်မေးမြန်းနိုင်ပါသည်။ တာ့ခ်ခရိုင်အလုပ်သမားရေးရာရုံး (မဲဆောက်ရုံးခွဲ)၏ ထုတ်ပြန်စာ အရ ကိုယ်ရေးအချက်အလက် ရယူသည့် လုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၇ ရက်နေ့အထိ (နိုင်/စစ် ကြီးကြပ်ရေးရုံး ၃၉၃/၂-၃-၄၊ မူး ၂၊ ထားဆိုင်လွတ် ခရိုင်ခွဲ၊ မဲဆောက်မြို့နယ်) တွင် ဆောင်ရွက်ပေးသွားမည်ဟု သိရပါသည်။ ဖန်းငါးခရိုင်တွင် ဖန်းငါး အလုပ်သမားရေးရာရုံး၏ ကြေငြာချက်အရ ကိုယ်ရေးအချက်အလက် စုဆောင်းသည့် လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ မတ်လ ၄ ရက်နေ့အထိ ၄င်းရုံးတွင် ပြုလုပ်မည်ဟု သိရပါသည်။ ကိုယ်ရေးအချက်အလက်မှတ်တမ်းတင်ရာတွင် လိုအပ်သည့်စာရွက်စာတမ်းများမှာ ဆင့်ခေါ်စာ၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်လွှာ လက်ခံပြေစာမိတ္တူတစ်စုံနှင့် မှတ်ပုံတင်စာရွက် (ထော်ရော် ၃၈/၁) မိတ္တူတစ်စုံတို့ ဖြစ်ပါသည်။

- အလုပ်လုပ်ကိုင်ခွင့်လက်မှတ် မရသေးသော်လည်း ရွှေ့ပြောင်းအလုပ်သမားများသည် ခရိုင်အလုပ် သမားရေးရာရုံး (သို့) ဘန်ကောက် အလုပ်သမားရေးရာရုံးခွဲ တစ်ခုခုမှ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်လွှာလက်ခံပြေစာနှင့် ငွေသွင်းပြေစာရရှိထားပါက ယာယီအလုပ်လုပ်ကိုင်ခွင့်လက်မှတ်အဖြစ် အသုံးပြုနိုင်ပါသည်။

- ကိုယ်အရေးအချက်အလက်များ စုဆောင်းရယူရာတွင် ဓါတ်ပုံနှင့် လက်ဗွေရာရယူခြင်းတို့ ပါဝင်မည် ဖြစ်ပါသည်။ အလုပ်သမားဝန်ကြီးဌာနမှ ကိုယ်ရေးအချက်အလက်များ စုဆောင်းရယူပြီးသည်နှင့် တစ်ပြိုင်နက် ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ ထုတ်ပေးသွား မည် ဖြစ်ပါသည်။ အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် အခြားသော အမျိုးသားလုံခြုံရေး အေဂျင်စီများနှင့်အတူမျှဝေပြီး အသုံးပြုသွားမည် ဖြစ်ပါသည်။

- ခရိုင်အလုပ်သမားရေးရာရုံးမှ သတ်မှတ်ထားသော ကိုယ်ရေးအချက်အလက်ရယူသည့် လုပ်ငန်းစဉ် ကာလအတွင်း[၂] ဆောင်ရွက်ရန် ပျက်ကွက်သော အလုပ်သမားများသည် နိုင်/စစ်လုပ်ငန်းစဉ်များတွင်

---

[၁] အသစ်မှတ်ပုံတင်ပြီးခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ ဆိုသည်မှာ ၂၀၁၁ ခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း မှတ်ပုံတင်ပြီးခဲ့သူများ ဖြစ်ပါသည်။
[၂] နောက်ဆုံးပိတ်ရက်ကို သက်ဆိုင်ရာအလုပ်အကိုင်ခန့်ထားရေးရုံးများမှ သေချာသတ်မှတ်ပေးပါလိမ့်မည်။

ထည့်သွင်းခြင်းခံရမည်မဟုတ်ဘဲ နောင်တွင်လည်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များလျှောက်ထားခွင့် ပြုလိမ့်မည် မဟုတ်ပါ။

ထိုင်းနိုင်ငံတွင်မှတ်ပုံတင်ခဲ့သောရွှေ့ပြောင်းအလုပ်သမားများအတွက် အပြီးဆောင်ရွက်ရမည့် သတ်မှတ်ရက်များပြဇယား

	ကိုယ်ရေး အချက်အလက် ရယူခြင်း	**အလုပ်လုပ်ကိုင်ခွင့် လက်မှတ်သက်တမ်း ကုန်ခြင်း**	**နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးမှု**	**ဆက်လက်လုပ်ဆောင်ရန် အဆင့်များ**
အသစ်မှတ်ပုံတင် ပြီးခဲ့သည့် ရွှေ့ပြောင်း အလုပ်သမားများ	၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်	၂၀၁၂ ခုနှစ် ဇွန်လ ၁၄ရက်	ရက်မသတ်မှတ်ရသေးပါ။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ရက် ဖြစ်မည်ဟု ခန့်မှန်းရပါသည်။	၁။ကိုယ်ရေးအချက်အလက်ရယူခြင်း။ ၂။နိုင်/စစ်လုပ်ငန်းစဉ် စတင်လုပ်ဆောင်ခြင်း။
အသစ် ပြန်လည် လဲလှယ်သည့်အဖွဲ့	မရှိပါ	၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ရက် အထိ ကာလတိုးမြှင့်ဖြစ်မည်ဟု ခန့်မှန်းထားပါသည်။	၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ရက် အထိကာလ တိုးမြှင့်ဖြစ်မည်ဟု ခန့်မှန်းထားပါသည်။	၁။အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း။ ၂။နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးခြင်း။

ရေဘေးဒုက္ခသည်များ

- ရေလွှမ်းမိုးမှုကြောင့် မြန်မာနိုင်ငံသို့ ပြန်သွားခဲ့ကြရသည့် ထိုင်းနိုင်ငံအတွင်း ယာယီအလုပ်လုပ်ကိုင်ခွင့်ရ ပုံမှန်မဟုတ်သော ရွှေပြောင်းအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံ အတွင်းသို့ ပြန်လည် ဝင်ရောက်ပြီး အလုပ်လုပ်ကိုင်လိုပါက MOU မှတဆင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပြန်သွားသော ရွှေပြောင်းအလုပ်သမားများအတွက် (အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်း မကုန်ဆုံးသေးသော်လည်း) ထိုင်းနိုင်ငံအစိုးရအနေဖြင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် အခကြေးငွေများအား ပြန်ပေးရန် မူဝါဒ ချမှတ်ထားခြင်း မရှိပါ။

- ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက်ရထားပြီး လူဝင်မှုကြီးကြပ်ရေး ဌာနသို့ ၁၉၇၉ ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေကြောင်း သတင်းပို့ရန် (ရေကြီးမှုကြောင့်) ပျက်ကွက်သူများအတွက် ဝန်ကြီးဌာနဆိုင်ရာ ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ သတင်းပို့ရန် ပျက်ကွက်ခဲ့သူများသည် ဤဝန်ကြီးဌာနကြေငြာချက် ထုတ်ပြန်သည့်ရက်မှ ရက်ပေါင်း(၆၀) အတွင်း လူဝင်မှုကြီးကြပ်ရေးဌာနသို့ သတင်းပို့ခဲ့ပါက ပြစ်ဒဏ်ပေးခံရမှုများနှင့် (လူဝင်မှုကြီးကြပ်ရေး ပုဒ်မ ၈၁ နှင့် ၇၆ အရ ဒဏ်ငွေရိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း) ရင်ဆိုင်ကြုံတွေ့ရမည် မဟုတ်ပါ။ သတ်မှတ်ကာလအတွင်း သတင်းပို့ရန် ပျက်ကွက်ပါက ဥပဒေအရ တရားစွဲဆိုခြင်း ခံရမည် ဖြစ်ပါသည်။

နောက်ဆုံးရအချက်အလက်များ

(၁) နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်

- ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးကော်မတီမှ ဘန်ကောက်၊ စမုပရာကန်၊ စမုစာခွန်၊ စူရဌာဏီနှင့် ချင်းမိုင်မြို့တို့တွင် နိုင်/စစ်ဌာနအသစ် (၅)ခု

ဖွင့်လှစ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချရန် ဆွေးနွေးခဲ့ပါသည်။ ၄င်းဌာနအသစ် (၅)ခုသည် လက်ရှိဖွင့်လှစ်ထားသော ဌာန(၃)ခုနှင့် တွဲဖက်ပြီး ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် နိုင်/စစ်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နိုင်/စစ်ဌာနသစ် (၅) ခုကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းထားပါသည်။ နယ်စပ်ဒေသဝန်ကြီးဌာနမှ မြန်မာအရာရှိ (၈)ဦး ခန့်သည် နိုင်/စစ်ဌာနသစ် အသီးသီးသို့ လာရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိများသည် ဌာနအသစ် (၅)ခုတွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် ဗီဇာရရှိရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

(၂)နေရပ်ပြန်ပို့ရေး ရန်ပုံငွေ

- ၄င်းအပြင် ဇန်နဝါရီလ ၂၀ရက်နေ့တွင် ပြုလုပ်သောအစည်းအဝေး၌ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား ရွှေ့ပြောင်းအလုပ်သမားများမှ နိုင်ငံခြားသားအလုပ်သမားများ နေရပ်ပြန်ပို့ရေး ရန်ပုံငွေအတွက် ပေးသွင်းရန် လိုအပ်ချက်များအား ၂၀၁၃ ခုနှစ် မတ်လအထိ ရွှေ့ဆိုင်းထားရန် သဘောတူညီခဲ့ကြပါသည်။ လက်ရှိအချိန်တွင် နေရပ်ပြန်ပို့ရေးရန်ပုံငွေ ပေးသွင်းငွေ ရွှေ့ဆိုင်းခြင်းကို အစိုးရအဖွဲ့မှ ပြန်လည်စဉ်းစားနေပြီ ဖြစ်သည်။ နေရပ်ပြန်ပို့ရေးရန်ပုံငွေဆိုင်ရာ အသေးစိတ်အချက်အလက်များကို ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်အမှတ် ၈ နှင့် ၉ တို့တွင် ဖော်ပြထားပါသည်။

(၃)သဘောတူနားလည်မှုစာချုပ်များ

- မကြာသေးမီကပြုလုပ်ခဲ့သော ထိုင်းနှင့် မြန်မာ(ဗမာ)နိုင်ငံအကြား စေ့စပ်ဆွေးနွေးမှုများအရ လုပ်သားသစ်စုဆောင်းရေး လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်စေရေး ဆွေးနွေးခဲ့ကြသည်။ မြန်မာရွှေ့ပြောင်းအလုပ်သမားများနေဖြင့် တရားဝင်အသိအမှတ်ပြုထားသော အလုပ်သမားသစ်စုဆောင်းရေး အေဂျင်စီများမှတဆင့် ရန်ကုန်နှင့် မြဝတီမြို့တို့တွင် လျှောက်ထားပြီးနောက် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည် ဖြစ်သည်။ မြန်မာအစိုးရသည် အလုပ်သမားသစ်စုဆောင်းရေး လုပ်ကိုင်မည့်အဖွဲ့အစည်းများအား စိစစ်နေဆဲ ဖြစ်သည်။ လုပ်သားသစ်စုဆောင်းရေးအဖွဲ့အစည်းများသည် ထိုင်းနိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ဒေသအတွင်းသတ်မှတ်ထားသော အနိမ့်ဆုံးလုပ်အားခနှုန်းထားများအတိုင်း ရရှိခံစားနိုင်စေရန် အလုပ်သမားများကိုယ်စား သေချာစွာစေ့စပ်ဆွေးနွေးသွားရမည် ဖြစ်သည်။ ထိုင်းနိုင်ငံသို့ လေကြောင်းဖြင့် သွားရောက်လိုသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ်များကို ရန်ကုန်မြို့တွင် ထုတ်ပေးသွားမည် ဖြစ်သည်။

မြန်မာသံရုံးရှိအလုပ်သမားရေးရာသံရုံး

- အချိန်ပြည့်အလုပ်သမားရေးရာသံရုံးတစ်ရုံးအား ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်ကာ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် တွဲဖက်ဖွင့်လှစ်ထားပါသည်။ ထိုအလုပ်သမားရေးရာသံရုံးမှ နိုင်ငံကူးလက်မှတ်များ အသစ်လဲလှယ်ရာတွင် ပါဝင်ဆောင်ရွက်ပေးမည် မဟုတ်ပါ။

<u>ကိန်းဂဏန်းအချက်အလက်များ</u>

- **အသစ်မှတ်ပုံတင်ပြီးခဲ့သည့်အဖွဲ့မှ ၂၀၁၁ခုနှစ်အတွင်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ ရရှိခဲ့သော ရွှေ့ပြောင်းအလုပ်သမားများအရေအတွက်**

နိုင်ငံသား	၂၀၁၁ခုနှစ်အတွင်း အသစ်မှတ်ပုံတင်ပြီးခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ
ကမ္ဘောဒီးယား	၂၁၄,၈၇၄
လာအို	၉၃,၄၂၁
မြန်မာ/ဗမာ	၅၄၃,၅၃၅
စုစုပေါင်း	၈၅၁,၈၃၀*

*ဤဂဏန်းအရေအတွက်မှာ ကြေငြာချက်အမှတ် ၁၃ တွင် ဖော်ပြခဲ့သည့် အလုပ်ရှင်များမှ မှတ်ပုံတင်စာရွက်စာတမ်းများ လျှောက်ထားပေးသော ရွှေ့ပြောင်းလုပ်သားများ စုစုပေါင်းအရေအတွက် ၁,၀၁၁,၄၄၃ ဦးထက် လျော့နည်းပါသည်။ ဤကြေငြာချက်တွင် ဖော်ပြထားသည့် စုစုပေါင်း ၈၅၁,၈၃၀ ဦးမှာ မှတ်ပုံတင်ပြီး၍ ယာယီအလုပ်လုပ်ကိုင်ခွင့် လက်မှတ်များ ရရှိပြီးသော ရွှေ့ပြောင်းအလုပ်သမားများ စုစုပေါင်းအရေအတွက် ဖြစ်ပါသည်။
ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံး၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် ရရှိသည့် နောက်ဆုံးအချက်အလက်များ ဖြစ်ပါသည်။

နိုင်ငံသားအလိုက် အသစ်မှတ်ပုံတင်ပြီးခဲ့သော ရွှေ့ပြောင်းအလုပ်သမားများပြ ရုပ်ပုံကားချပ်



- **၂၀၀၅ခုနှစ် စက်တင်ဘာလမှ ၂၀၁၁ခုနှစ် ဒီဇင်ဘာလအထိ သဘောတူနားလည်မှုစာချုပ် (MOU) အရ ခေါ်ယူစုဆောင်းခဲ့သော ရွှေ့ပြောင်းလုပ်သားများ စုစုပေါင်းအရေအတွက်**

နိုင်ငံသား	အလုပ်ရှင်များမှတောင်းဆိုသော အလုပ်သမားများအရေအတွက်	ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိခဲ့သော အလုပ်သမားများ အရေအတွက်	ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များဖြင့် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများအရေအတွက်
ကမ္ဘောဒီးယား	၁၆၈,၉၇၅	၉၂,၄၀၈	၆၉,၈၂၉
လာအို	၁၀၂,၂၅၂	၃၀,၃၀၃	၂၃,၉၈၅
မြန်မာ/ ဗမာလူမျိုး	၁၀၈,၀၉၉	၁၀,၅၄၅	၇,၂၈၀
စုစုပေါင်း	၃၇၉,၃၂၆	၁၃၃,၂၅၆	၁၀၁,၀၉၄

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံး၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် ရရှိသည့် နောက်ဆုံးအချက်အလက်များ ဖြစ်ပါသည်။

- **၂၀၁၀ခုနှစ်တွင် မှတ်ပုံတင်ခဲ့ကြသောရွှေ့ပြောင်းလုပ်သားများအတွက် နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးမှုအခြေအနေ**

နိုင်ငံသား	၂၀၁၀ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်/စစ် လုပ်ငန်းစဉ် အတွက် အရည်အချင်းပြည့်မီသော ရွှေ့ပြောင်းလုပ်သားများ အရေအတွက်	၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် နိုင်/စစ် လုပ်ငန်းစဉ် ပြီးစီးခဲ့သော ရွှေ့ပြောင်းလုပ်သားများ အရေအတွက်	နိုင်/စစ်လုပ်ငန်းစဉ် မပြီးသေးသော ရွှေ့ပြောင်းလုပ်သားများ အရေအတွက်
ကမ္ဘောဒီးယားလူမျိုး	၅၆,၄၇၉	၃၁,၁၀၅	၂၅,၃၇၄
လာအိုလူမျိုး	၆၂,၇၉၂	၃၄,၉၉၉	၂၇,၇၉၃
မြန်မာ/ဗမာလူမျိုး	၈၁၂,၉၈၄	၅၆၅,၆၆၉	၂၄၇,၃၁၅
စုစုပေါင်း	၉၃၂,၂၅၅	၆၃၁,၇၇၃	၃၀၀,၄၈၂

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံး၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရရှိသည့် နောက်ဆုံးအချက်အလက်များ ဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲ မှထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန်ဖုံး –၀၂–၃၄၃၉၃၀၀၊ ဖက်စ် – ၀၂–၃၄၃၉၃၉၉၊ (သို့မဟုတ်) e-mail: migrantnews@iom.int. သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အောက်ပါအင်တာနက်စာမျက်နှာမှဆွဲယူဖတ်ရှုနိုင်ပါသည်။
http://203.155.51.53/iomthailand/index.php?option=com_docman&task=doc_details&gid=58&Itemid=4